# CHINLAND DEFENSE FORCE - MATUPI

ရက်စွဲ- ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ (၁၈) ရက်နေ့

**Chinland Defense Force - Matupi ၏ သဘောထားထုတ်ပြန်ချက်၊**

၁။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့မှ စစ်ကောင်စီသည် နိုင်ငံတော် အာဏာကို မတရား သိမ်းယူခဲ့ပြီးနောက် ပြည်သူလူထုအား သတ်ဖြတ်ခြင်း၊ အတင်းအဓမ္မဖမ်းဆီးခြင်း၊ နှိပ်စက်ခြင်း အစရှိသည့် လူမဆန်လုပ်ရပ်များကို အဆက်မပြတ် ပြုလုပ်လာသည်ကို တွေ့ရသည်။ တပြိုင်တည်းမှာပင် မြန်မာနိုင်ငံ ပြည်သူတရပ်လုံးက သက်ဆိုင်ရာ ဒေသအသီးသီးအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ကို ဖွဲ့စည်းထူထောင်ကာ ရရာလက်နက်နှင့် နည်းလမ်းပေါင်းစုံဖြင့် အာဏာရှင်စစ်ကောင်စီကို တော်လှန်တိုက်ခိုက်နေကြသည်။

၂။ သို့ဖြစ်ပါ၍ မတူပီမြို့နယ်အတွင်းရှိ Cing, Doem တောင်ကြောရှိ လူထုနှင့် Dai လူမျိုးနွယ်စုများမှ Chinland Defense Force - Matupi ကို ၂၀၂၁ ခုနှစ် မေလ (၅) ရက်နေ့တွင် ဖွဲ့စည်းထူထောင်ကာ သဘောထားကြေညာချက်ကိုလည်း ထုတ်ပြန်ပြီးဖြစ်သည်။

၃။ CDF- Matupi သည် အာဏာရှင်စနစ် ဖျက်သိမ်းရေး၊ နိုင်ငံတော် အချုပ်အခြာအာဏာကို ပြည်သူ့လက်ဝယ်တွင် ပြန်လည်ရရှိရေး၊ အရပ်သား အုပ်ချုပ်ကွပ်ကဲမှု (Civilian Supremacy) ဖော်ဆောင်ရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် အမျိုးသားတန်းတူရေး အာမခံရှိသည့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် တိုက်ပွဲဝင်သွားမည်ဖြစ်သည်။

၄။ CDF- Matupi သည် ချင်းအမျိုးသားတပ်ဦး(CNF/A) အပါအဝင် ချင်းပြည်နယ်အတွင်း သက်ဆိုင်ဒေသအလိုက် ဖွဲ့စည်းထားသည့် CDF တပ်ဖွဲ့များနှင့်အတူ ပူးပေါင်းကာ တိုက်ပွဲဝင်သွားမည်ဖြစ်သည်။

၅။ မိမိတို့ CDF- Matupi သည် မတူပီမြို့ပေါ် (CNF/A နှင့် လုပ်ငန်းပူးပေါင်းဆောင်ရွက်လိုသူများ)နှင့် ဆွေးနွေးမှုပြုလုပ်ပြီးနောက် CDF - Matupi ကို ၂၀၂၁ ခုနှစ် ဇူလိုင်လ (၁၆) ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းပြီးဖြစ်ရာ CNF/A ၊ CDF - Matupi နှင့် မူဝါဒ ကွဲလွဲသည့် မည်သည့် လက်နက်ကိုင်အဖွဲ့အစည်းကိုမဆို မတူပီမြို့နယ်အတွင်း လှုပ်ရှားခွင့်ပြုမည်မဟုတ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

**"အရေးတော်ပုံ အောင်ရမည်"**

**Chinland Defense Force - Matupi**